<u>ဒီမိုကရေစီ ရရှိရေး တက်ကြွလှုပ်ရှားသူ ပြည်ပရောက် မြန်မာများသို့</u>

ဒေါ်အောင်ဆန်းစုကြည် မတရားအဖမ်းခံရနေခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံပြည်တွင်းမှ မလုပ်ဆောင်နိုင်သည့် နိုင်ငံရေး လှုပ်ရှားမှု အမျိုးအစားများကို ပြည်ပရှိ ဒီမိုကရေစီမြတ်နိုးသော မြန်မာတို့မှ ယခင်အခါများထက်ပို၍ ထိထိရောက်ရောက်ဖြင့် အမြန်ဆုံး ဝိုင်းဝန်းပံ့ပိုး လှုပ်ရှားကြဖို့ လိုအပ်လျက်ရှိနေပါသည်။

မြန်မာ့ဒီမိုကရေစီအရေးကို ပြည်ပ (အထူးသဖြင့် ဒီမိုကရေစီ ထွန်းကားသော နိုင်ငံများ)၌ လွတ်လပ်စွာ လှုပ်ရှားရန် နည်းလမ်းအမျိုးမျိုး ရှိပါသည်။ နှစ်ပေါင်းများစွာ လှုပ်ရှားနေခဲ့သော အတွေ့အကြုံများအရ မည်သို့သော နိုင်ငံရေး အခြေအနေမျိုးတွင် မည်သို့လုပ်ဆောင်သင့်သည်ကို သိရှိနားလည် ကျွမ်းကျင်သူ အတော်များများလည်း ရှိနေကြပြီးဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်များစွာလည်း အားရဖွယ်ရာ ထွက်ပေါ်လျက် ရှိနေပါပြီ။ ပါဝင် ထောက်ခံအားပေးသူများလည်း သိန်းသန်းမက ရှိနေပါသည်။ ခေတ်ပေါ်နည်းပညာနှင့် ကိရိယာများ၊ မီဒီယာ၊ နိုင်ငံတကာ ထောက်ခံအားပေးမှု အစရှိသည်တို့ဖြင့်လည်း လှုပ်ရှားမှုများကို အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်နိုင်စွမ်းလည်း ရှိပါသည်။

ထိုသို့သော အရင်းအမြစ်ကောင်းများကို အပြည့်အဝ အသုံးချလျက် အထိရောက်ဆုံးနည်းလမ်းများကို ကြံဆရှာဖွေ လှုပ်ရှားနိုင်ကြမှသာ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသမားများ ပြန်လည်လွတ်မြောက်ရေးကို၎င်း၊ ဒီမိုကရေစီပန်းတိုင် ရောက်ရှိရေးကို၎င်း အမြန်ဆုံး လုပ်ဆောင်နိုင်ပါမည်။

၁၅-၅-၂၀၀၉ နေ့တွင် ဂျပန်နိုင်ငံရှိ ကျနော်တို့က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ မေတ္တာရပ်ခံစာ တစောင်ပေးပို့ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် မတရား အဖမ်းခံနေရခြင်းအတွက် လုံခြုံရေး ကောင်စီမှ အရေးပေါ်အစည်းအဝေးတရပ်ကို အမြန်ဆုံးကျင်းပ၍ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုက်ခြင်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ ကုလသမဂ္ဂရုံး၏ အမြင့်ဆုံး တာဝန်ရှိသူထံမှတဆင့် ပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအားလုံးသို့လည်း မိတ္တူပေးပို့ပါသည်။

ယင်းစာအား နမူနာအဖြစ် လေ့လာနိုင်ရန် အောက်တွင် ဖော်ပြပေးပါမည်။

ဒီမိုကရေစီတွင် လူတဦးချင်း လွတ်လပ်ခွင့်ရှိခြင်း၊ တန်းတူညီမျှမှု ရှိခြင်းတို့ကြောင့် တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ အယူအဆ၊ လုပ်ပုံကိုင်ပုံ ကွဲပြားခြားနားသည်မှာ အဆန်းမဟုတ်ပါ။ ဒီမိုကရေစီ ရည်မှန်းချက် ပန်းတိုင်သာ တူနေလျှင်၊ ဒီမိုကရေစီ ကြွေးကျော်သံများသာ သံပြိုင်ညီညာနေလျှင် မတူကွဲပြား ခြားနားနေသည်များ အလိုလို စုစည်းပြီး ညီညွတ်မှုကို ရရှိလာမည် ဖြစ်သည်။ ညီညွတ်မှု မရှိ၍ မလုပ်ဖြစ်မှာကို စိုးရိမ်နေရန် မလိုပါ။ မတူကွဲပြား ခြားနားနေသည်များ ရှိနေခြင်းကိုက ပိုမိုဆန်းသစ်သော အတွေးခေါ်၊ စိတ်ကူးစိတ်သန်းကောင်းများ၊ လုပ်ဆောင်ပုံ နည်းလမ်းကောင်းများကို ရရှိလာစေနိုင်ပါသည်။ ယင်းတို့အားလုံးကို စုစည်းနိုင်ခြင်းသည်ပင်လျှင် ဒီမိုကရေစီ၏ အောင်ပွဲတခု ဖြစ်သည်။

ထိရောက်နိုင်ဖွယ်ရှိသော အခြားလှုပ်ရှားမှုတချို့မှာ မီဒီယာအားကောင်းသော မြို့ကြီးပြကြီးများတွင် ဒေသခံ နိုင်ငံသားများ စိတ်ဝင်စား ထောက်ခံမှုကို ရရှိစေရန် လမ်းလျှောက်ဆန္ဒပြခြင်း၊ လက်ကမ်းစာရွက်များ ဖြန့်ဝေခြင်း၊ ဒေသခံနိုင်ငံရှိ အစိုးရများ၊ ပါလီမန်အမတ်များ၊ မြန်မာ့အရေး စိတ်ဝင်စားကြသော ပါလီမန်အမတ်များ၊ အာဏာရ ပါတီ-အတိုက်အခံပါတီများထံ ချဉ်းကပ်၍ တိုက်တွန်းခြင်း၊ သတင်းစာ ကွန်ဖရင့်များ၊ နည်းလမ်းရှာဖွေရေးအတွက် တွေ့ဆုံပွဲများ၊ လက်မှတ်ရေးထိုး တောင်းဆိုပွဲများ အစရှိသည်တို့ဖြစ်သည်။

မိမိတို့ရောက်ရှိရာနိုင်ငံ၏ နောက်ခံအနေအထားပေါ်မူတည်၍၎င်း၊ မိမိတို့စုစည်းရပ်တည်နေကြသော အသိုင်းအဝိုင်း အင်အားပေါ်မူတည်၍၎င်း လိုအပ်သလိုချင့်ချိန်ပြင်ဆင်ကာ နည်းလမ်းအမျိုးမျိုးဖြင့် ထိရောက်အောင် လှုပ်ရှားကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

မြင့်ဆွေ ၊ လွင်အောင်စိုး

(၁၅-၅-၂၀၀၉)